## မယ်တော်သခင်မ ကောင်းကင်ဘုံသို့ပင်ဆောင်ခံရသောပွဲ

ဒီနေ့မှာ ရှေးအကျဆုံးနဲ့ မြတ်နိုးစရာအကောင်းဆုံး ပွဲနေ့ကြီးများအနက် ပွဲနေ့တခုဖြစ်တဲ့ မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရသော ပွဲနေ့ကို ကျင်းပကြပါတယ်။ ပွဲနေ့အမှန်ကတော့ ဩဂုတ်လ ၁၅ ရက်နေ့ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာသာဝင်ဘုရားသားသမီးအားလုံး ပွဲနေ့မှာပါဝင်ကျင်းပနိုင်ဘို့အတွက် တနင်္ဂနွေနေ့ကို ရွှေ့လိုက်ခြင်းဖြစ်ပါတယ်။

မယ်တော်ဟာ ခန္ဓာရော၀ိညာဉ်ပါ ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရတဲ့အကြောင်းကို ၁၂ ပါးမြောက် ပုပ်ရဟန်းမင်းကြီးပီအူးက ၁၉၅၀ နို၀င်ဘာလ ၁ ရက်နေ့မှာ အမိသာသနာတော်အတွက် ယုံကြည်ရာအချက်တခုအဖြစ် ကြေညာခဲ့ပါတယ်။

ဒီပွဲနေ့ကိုကျင်းပခြင်းအားဖြင့် မယ်တော်ကိုချစ်ခြင်း ကြည်ညိုခြင်း ချီးမွမ်းထောပနာပြုခြင်းကို ပြန်လည်ပြီးအသစ်တဖန်ဖြစ်အောင် ကျွန်ုပ်တို့ပြုကြပါတယ်။ မယ်တော်အားဖြင့် ထာဝရဘုရားသခင်ဟာ ကြီးမြတ်သောအမှုကို ပြုတော်မူခဲ့ပါတယ်။

မယ်တော်ရဲ့အကြောင်းကို ထောက်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့ ကိုယ်စီကိုယ်စီအသက်တာကိုလည်း နက်နက်ရှိုင်းရှိုင်း ပြန်လည်မြင်တွေ့စေပါတယ်။ ပြဿနာအခက်အခဲအမျိုးမျိုးနဲ့အတူ၊ မျှော်လင့်ခြင်းများနဲ့အတူ၊ ကျွန်ုပ်တို့ရဲ့ဘ၀အသက်တာဟာ ဘုရားရဲ့မယ်တော်မှအလင်းတော်၊ သူမရဲ့၀ိညာဉ်ရေးနဲ့ဆိုင်တဲ့ပျော်ရွှင်မှု၊ သူမရဲ့ ဘုန်းတော်ဂုဏ်တော်နဲ့ပြည့်၀တဲ့ပန်းတိုင်ကိုရရှိလို့ဘဲဖြစ်ပါတယ်။ သူမလျှောက်ခဲ့တဲ့ဘ၀လမ်းခရီးနဲ့ သူမရဲ့နောက်ဆုံးဘ၀ပန်းတိုင်ဟာ ကျွန်ုပ်တို့ရဲ့ဘ၀လမ်းခရီးနဲ့ ကျွန်ုပ်တို့ရဲ့နောက်ဆုံးဘ၀ပန်းတိုင်လည်းဖြစ်ရမှာ ဖြစ်ပါတယ်။

ဒီနေ့ဖတ်ရှုရတဲ့ ပထမကျမ်းမှာ ကောင်းကင်မှာရှိတဲ့ ဘုရားရဲ့ဗိမ္ဗာန်တော်ဟာ ဖွင့်ထားလျက်ရှိပြီး သပဏ္ဏာဖွဲ့ရာသေတ္တာတော်ကို ထိုဗိမ္ဗာန်တော်ထဲမှာ မြင်တွေ့နိုင်ပါတယ်လို့ ဖတ်ရှုရပါတယ် (ဗျာဒိတ် ၁၁း၁၉)။

သဟာဖွဲ့ရာသေတ္တာတော်ဆိုတာ ဘာအဓိပ္ပာယ်ရှိပါသလဲ။ ဓမ္မဟောင်းကျမ်းထဲမှာ ဘုရားသခင်ဟာ လူတွေရဲ့ကြားမှာရှိနေပါတယ်ဆိုတဲ့အကြောင်းသိစေတဲ့ အမှတ်လက္ခဏာဖြစ်ပါတယ်။ ဓမ္မသစ်ကာလမှာ စစ်မှန်တဲ့ သဟာဖွဲ့ရာသေတ္တာတော်က အပျိုကညာစင်မာရီးယားဖြစ်ကြောင်း ကျွန်ုပ်တို့ကိုသိရှိနားလည်စေပါတယ်။ ဘုရားသခင်ဟာ ပရိဘောဂနဲ့ ပြုလုပ်ထားတဲ့အရာထဲမှာမဟုတ်ဘဲ လူပုဂ္ဂိုလ်အထဲမှာ လူတွေရဲ့နှလုံးသားထဲမှာ အထူးသဖြင့် မယ်တော်မာရီးယားဟာ အစဉ်ထာဝရအသက်ရှင်တော်မူသော ဘုရားရဲ့တပါးတည်းသောသားတော် လူ့အဖြစ်ဘုရားအဖြစ်နဲ့ ကယ်တင်ရှင် သခင်ယေရှုးကို မိမိရဲ့ဝမ်းဗိုက်မှာ လွယ်ပိုက်သယ်ဆောင်သွားတာကို သိရှိနားလည်နိုင်ပါတယ်။

သဟာဖွဲ့ရာသေတ္တာတော်ထဲမှာ မိုးဇယ်ရဲ့ပညတ်တော်များကို ရေးမှတ်ထားတဲ့ ကျောက်ပြားနှစ်ပြားကို ထည့်သွင်းသိမ်းဆည်းထားပါတယ်။ ပညတ်တော်ဟာ လူတွေနဲ့ ပဋိညာဉ်ဖွဲ့ဘို့အတွက်၊ ဘုရားရဲ့အလိုတော်နဲ့ လိုက်လျောညီထွေ နေထိုင်နိုင်ဘို့အတွက် ဘုရားအပေါ် သစ္စာရှိနိုင်ဘို့အတွက် အဲဒီပညတ်တော်ပါရှိတဲ့ ပဋိညာဉ်ကျောက်ပြားက သက်သေဖြစ်ပါတယ်။

ကျွန်ုပ်တို့အတွက် မယ်တော်ဟာ သဟာဖွဲ့ရာသေတ္တာတော် ဖြစ်ပါတယ်။ သခင်ယေရှုးကို သူမရဲ့ဝမ်းတော်မှာ ကြိုဆိုလက်ခံခြင်းကြောင့်၊ ကိုယ်တော်ရဲ့နှုတ်ကပတ်တော်ကိုလက်ခံခြင်းကြောင့်၊ ဘုရားရဲ့အလိုတော်နဲ့ ဘုရားရဲ့အမှန်တရားများကို သူမရဲ့နှလုံးသားထဲမှာ လက်ခံခြင်းကြောင့်၊ မိမိရဲ့အသွေးတော်နဲ့အသားတော်ကို ပူဇော်လိုက်တဲ့အထိ မိမိကိုယ်ကိုဆက်ကပ်လိုက်တဲ့ အသစ်သောပဋိညာဉ် အစဉ်ထာဝရပဋိညာဉ်ဖြစ်တဲ့ ခရစ်တော်သခင်ကို သူမရဲ့ဝမ်းတော်မှာ ကြိုဆိုလက်ခံခြင်းကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် မယ်တော်ကိုသဒ္ဓါကြည်ညိုခြင်းမှာ မယ်တော်ကိုပေးထားတဲ့ဘွဲ့နာမတခုက သဟာဖွဲ့ရာသေတ္တာတော် ၊ ဘုရားရှိနေတဲ့သေတ္တာတော်၊ ချစ်ခြင်းရဲ့သေတ္တာတော့် ဘဲဖြစ်ပါတယ်။

တခါ ဗျာဒိတ်ကျမ်းထဲမှာ မယ်တော်ရဲ့အဖြစ်အခြေအနေကို ဖော်ပြတဲ့ ကျမ်းပိုဒ်ကိုလည်း တွေ့ရပါသေးတယ်။ မိန်းမတဦးဟာ နေကိုဝတ်ဆင်လျက်၊ လကို ခြေဖြင့်နင်းလျက်၊ ကြယ်ဆယ့်နှလုံးသောသရဖူကိုဆောင်းလျက်၊ သားငယ် (ဗျာ ၁၂း၁–၂၊ ၅)

ကျေးဇူးတော်နဲ့ပြည့်ဝတဲ့ ဘုရားရဲ့မိခင်ဖြစ်တဲ့၊ ဝိညာဉ်တော်ကိုကျိုးနွံနာခံတဲ့ မယ်တော်ရဲ့ ကြီးမြတ်ခြင်းဟာ ကောင်းကင်နိုင်ငံတော်မှာ ခန္ဓာရောဝိညာဉ်ပါ စံစားခွင့်ရရှိခြင်းဘဲ ဖြစ်ပါတယ်။

မယ်တော်ဟာ မိမိရဲ့ဖန်ဆင်းရှင်ကို မိမိရဲ့ဝမ်းမှာလွယ်ပိုက်ခွင့်ရခဲ့တယ်လို့ St John Damascene က ပြောခဲ့ပါတယ်။ ဒီနေ့မှာ သာသနာတော်ကြီးက ဘုရားဟာ မိမိရဲ့ဖန်ဆင်းထားခဲ့တဲ့သူကို ကြီးမားသော ချစ်ခြင်းနဲ့ ချစ်မြတ်နိုးခြင်းကို ကျင်းပတဲ့ပွဲနေ့ ဖြစ်ပါတယ်။ သားတော်ဘုရားဖြစ်တဲ့ ကယ်တင်ရှင်ခရစ်တော်သခင်ကို လောကလူသားများအတွက်ပေးလိုက်နိုင်ဘို့၊ ဘုရားရဲ့ပြည်ဝတဲ့ဘုန်းတော်ဂုဏ်တော်နဲ့ မကုန်ဆုံးနိုင်သောပျော်ရွှင်ခြင်းကိုစံစားနိုင်ဘို့၊ ဘုရားသခင်ဟာ မယ်တော်ကို သဟာဖွဲ့ရာသေတ္တာတော်အဖြစ် ရွေးကောက်တော်မူခဲ့ပါတယ်။

တချိန်တည်းမှာဘဲ ဘုရားရဲ့နှုတ်ကပတ်တော်ကိန်းအောင်းရာနေရာ၊ ဘုရားရှိနေခြင်းအားဖြင့်ပြောင်းလဲသွားသောအသက်တာ၊ ဘုရားစံပယ်တော်မူသောနေရာ၊ အခြားသောသူများဆီမှာလည်း ဘုရားကိုတွေ့မြင်နိုင်တဲ့သူများဖြစ်ဘို့၊ ဘုရားနဲ့အမြဲပေါင်းစပ်နိုင်တဲ့ သဟာဖွဲ့ရာသေတ္တာတော်ဖြစ်ကြဘို့ အမိသာသနာတော်ကြီးက ကျွန်ုပ်တို့ကို ဖိတ်ခေါ်ပါတယ်။

(လူကား ၁း၃၉) –ထိုအခါ မာရိယားသည်ထ၍၊ တောင်ကြားအရပ်၌ရှိသော ယုဒမြို့တမြို့သို့ အလျင်အမြန်သွားပြီးလျှင်၊ ဇာခရိအိမ်သို့ဝင်၍ဧလိရှဘက်ကို နှုတ်ဆက်လေ၏။

အလျင်အမြန်သွားပြီးလျှင် အဓိပ္ပာယ်က– ဘုရားနဲ့ပတ်သက်တဲ့အရာမှန်သမျှ အလျင်အမြန် လုပ်ရန်လိုအပ်တယ်။ အချိန်မဆွဲရဘူး။

မယ်တော်ဟာ ဇာခရိအိမ်ကိုဝင်ပြီး အဲလစ်ဇဘက်နဲ့တွေ့တဲ့နေရာမှာ သူမတဦးတည်း မဟုတ်ပါဘူး။ သူမရဲ့ဝမ်းဗိုက်ထဲမှာရှိတဲ့ ဘုရားစင်စစ်လူစင်စစ်ဖြစ်တော်မူသော ယေရှုသခင်နဲ့အတူ ဝင်ရောက်သွားခြင်းဖြစ်ပါတယ်။ ဇာခရိ၊ အဲလစ်ဇဘက်၊ ယောဟန်ဘတ်ပတစ်စ်တားတို့ဟာ ပြောရမယ်ဆိုရင် အီဇရာအဲလ်လူမျိုးထဲက မျှော်လင့်ခြင်းနဲ့ပြည့်ဝပြီး မက်ဆီးယားသခင်ကိုစောင့်မျှော်ခဲ့ကြတဲ့ ဖြောင့်မတ်သော အီဇရာအဲလ်လူမျိုးတို့ကို ကိုယ်စားပြုပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်ဟာ သူမဆီကိုရောက်လာတဲ့သူဟာ သဟာဖွဲ့ရာသေတ္တာတော်ဖြစ်တဲ့ ဘုရားရဲ့မယ်တော်ဖြစ်ကြောင်း သိမြင်နိုင်ဘို့အတွက် အဲလစ်ဇဘက်ရဲ့ဝိညာဉ့်မျက်စေ့ကို ပွင့်စေခဲ့ပါတယ်။ ဒါ့ကြောင့် (လူကား ၁း၄၂–၄၃) မှာ– သင်သည် မိန်းမတကာတို့ထက် မြတ်စွာသော မင်္ဂလာရှိ၏။ သင်၏ဝမ်း၌ရှိသောသူငယ်သည်လည်း မြတ်စွာသော မင်္ဂလာရှိ၏။ အကျွန်ုပ်သခင်၏မယ်တော်သည် အကျွန်ုပ်ဆီသို့ကြွလာသော ကျေးဇူးကို အဘယ်အကြောင်းကြောင့် အကျွန်ုပ်ခံရပါသနည်း– လို့ရေးမှတ်ထားပါတယ်။

တခါ သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဘဲ အဲလစ်ဇဘက်ရဲ့ဝမ်းတွင်းမှာရှိတဲ့ ယောဟန်ကိုဝမ်းမြောက်ရွှင်လန်းစေခဲ့ပါတယ်။ (လူကား ၁း၄၄) မှာ– သင်၏နှုတ်ဆက်ခြင်းစကားသံကို အကျွန်ုပ်ကြားစဉ်တွင် ကျွန်ုပ်ဝမ်းထဲ၌သူငယ်သည် ရွှင်မြူးသောစိတ်နှင့်ခုန်၏။ ဇံဂေလိကျမ်းရေးသူ သုံးလှူးကားက to leap ဆိုတဲ့ ဓမ္မဟောင်းကာလက ဒါဝိတ်မင်းကြီးက ဘုရားရဲ့သဟာဖွဲ့ရာသေတ္တာတော်ကို မြို့တော်သို့သယ်ဆောင်လာစဉ် ထိုသေတ္တာတော်ရှေ့မှာ ကခုန်ခဲ့တဲ့စကားလုံးကို ဖော်ပြခြင်းဖြစ်ပါတယ်။ ( 2 Sam 6:16 )။ ဓမ္မရာဇဝင်ဒုတိယစောင်မှာ– ဒါဝိတ်မင်းကြီးသည် ထာဝရဘုရား၏ရှေ့တော်၌ကလျက်ခုန်လျက်– ဆိုပြီးတွေ့ရပါတယ်။

မိမိရဲ့အမိဝမ်းတွင်းတွင် ယောဟန်သည် ဒါဝိတ်မင်းကြီးကဲ့သို့ သဟာဖွဲ့ရာသေတ္တာတော်ရှေ့တွင် ကခုန်ခဲ့ပါသည်။ မယ်တော်ဟာ အသစ်သော သဟာဖွဲ့ရာသေတ္တာတော်ဖြစ်ပါသည်။ ထိုသေတ္တာတော်ရှေ့တွင် နှလုံးသားသည် ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့် ခုန်မြူးလျက်ရှိပါသည်။

လောကမှာတွင် မိမိနှင့်အတူ ဘုရားရှိနေခြင်းကို မကွယ်မဝှက်ထားဘဲ ဘုရားရဲ့ကျေးဇူးတော်များကို အများသူငါအားဝေငှလျက်မယ်တော်သည် ရှိနေပါသည်။ ကျွန်ုပ်တို့သည် မယ်တော်၏အကြောင်းကို ထောက်ရှု ပြောဆိုနေကြသော်လည်း တကယ်တော့ ကျွန်ုပ်တို့ကိုယ်တိုင်၊ တဦးစီတဦးစီရဲ့အကြောင်းကို ပြောနေခြင်းဘဲဖြစ်ပါတယ်။ ဘုရားရဲ့ ကြီးမားတဲ့ ကျေးဇူးတော်များကို ခံယူရရှိသူများဖြစ်ကြပါတယ်။

ဒီမယ်တော်သခင်မ၏ မိုးကောင်းကင်သို့ ပင့်ဆောင်ခံရခြင်းပွဲနေ့၌ မယ်တော်ကို မျှော်ကြည့်ကြပါစို့။ ကျွန်ုပ်တို့ကို ကြီးမားသောမျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့်ပြည့်ဝသော အနာဂတ်ကို ပေးတော်မူပြီး ထိုအရာများဆီသို့ရောက်ရှိနိုင်ရန် သွန်သင်ပါတယ်။

ဘယ်လိုရောက်ရှိနိုင်မလဲလို့ပြောရင်–သူမရဲ့သားတော်ကို ယုံကြည်လက်ခံခြင်း၊ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းကို ဘယ်သောအခါမှ မပျောက်ပျက်စေခြင်း၊ ကျွန်ုပ်တို့ကိုယ်ကို ကိုယ်တော်ရဲ့နှုတ်ကပတ်တရားတော်အားဖြင့် အလင်းရရှိစေခြင်း နှင့် ညွှန်ကြားမှုကိုရရှိစေခြင်း၊ ကျွန်ုပ်တို့၏ကားတိုင်သည် လွန်စွာပင်လေးလံ တယ်လို့ ခံစားရတာတောင်မှ နေ့စဉ်နှင့်အမျှ ကိုယ်တော်၏နောက်တော်သို့ လိုက်လျှောက်သွားခြင်းအားဖြင့် ထိုမျှော်လင့်ခြင်းဆီသို့ ကျွန်ုပ်တို့ရောက်ရှိနိုင်ပါတယ်။

ကောင်းကင်ဘုံ၏သန့်ရှင်းရာဌာနတွင် ရှိနေတော်မူသော သဟာဖွဲ့ရာသေတ္တာတော်ဖြစ်တော်မူသော မယ်တော်မာရီးယားသည် သူမနှင့်အတူဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့်ပေါင်းသင်းနေထိုင်ခြင်း၊ ဘုရားရဲ့ငြိမ်သက်ခြင်းနှင့်အတူ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စစ်မှန်သောအိမ်တော်ဆီသို့သွားရာလမ်းတော်ပေါ်တွင် လျှောက်လှမ်းသွားနိုင်ရန်အတွက် ကျွန်ုပ်တို့ကိုလမ်းပြတော်မူပါသည်။